# SHAREHOLDERS' AGREEMENT IN RESPECT OF THE LANDMARK DEVELOPMENT

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") wishes to announce that the Company has on 12 July 2016 entered into a definitive shareholders' agreement (the "Agreement") with Yoma Strategic Investments Limited, Mitsubishi Corporation, Mitsubishi Estate Co., Ltd and the International Finance Corporation in relation to the redevelopment of a site located at 372 and 380 Bogyoke Aung San Road, Pabedan Township, Yangon, Myanmar (the "Proposed Landmark Development").

The site plan for the Proposed Landmark Development includes a luxury condominium building, a business hotel, executive serviced apartments, grade-A office towers and a retail podium. The Agreement excludes the redevelopment of the former headquarters of the Myanmar Railway Company which is a separate venture. The entire development site, including the former headquarters of the Myanmar Railway Company, is approximately 10 acres.

The Agreement is subject to a number of conditions, including but not limited to:-

1. The receipt of approval from the Myanmar Investment Commission for the incorporation of the joint venture entity, to be called Meeyahta Development Limited ("MDL"), that will undertake the Proposed Landmark Development;

2. The Asian Development Bank becoming a party to the Agreement; and

3. The agreement and execution of a business plan, budget, sublease and put option agreements in relation to the Proposed Landmark Development.

If the above conditions, amongst others, are met, the parties to the Agreement shall subscribe for shares in MDL in the following proportions:

| **Company** | **Effective Interest** |
|---|---|
| First Myanmar Investment Co., Ltd. | 12.0% |
| Yoma Strategic Investments Limited | 48.0% |
| Mitsubishi Corporation, Mitsubishi Estate Co., Ltd (collectively) | 30.0% |
| International Finance Corporation | 5.0% |
| Asian Development Bank | 5.0% |

Under the terms of the Agreement, the Company has agreed to assist MDL in obtaining any and all governmental approvals required to undertake the Proposed Landmark Development. In the event that the first subscription of shares does not take place on or before 30 June 2017 (or another mutually agreed date), the Agreement will expire.

Further information on the Proposed Landmark Development, including relevant progress reports, will be disclosed to shareholders as and when available.

By Order of the Board

Tun Tun
Executive Director

12 July 2016

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

FMI

## LANDMARK DEVELOPMENT စီမံကိန်းဆိုင်ရာ အစုရှယ်ယာရှင်များ သဘောတူစာချုပ် ချုပ်ဆိုပြီးစီးခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်-၃၇၂/၃၈၀ နေရာရှိ မြေကွက်ပေါ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ရေး စီမံကိန်းနှင့်ပတ်သက်၍ ကုမ္ပဏီအနေဖြင့် Yoma Strategic Investments Limited ၊ Mitsubishi Corporation ၊ Mitsubishi Estate Co., Ltd. ၊ International Finance Corporation တို့နှင့် အစုရှယ်ယာရှင်များ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့တွင် အပြီးသတ်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆိုပါ Landmark Development တည်ဆောက်ရေးစီမံကိန်းတွင် အဆင့်မြင့်ကွန်ဒိုမီနီယံ အဆောက်အအုံတစ်လုံး၊ စီးပွားရေးလုပ်ငန်းဟိုတယ်တစ်လုံး၊ Serviced Apartment များ၊ Grade A အဆင့်ရှိ ရုံးခန်းတာဝါများနှင့် Shopping Centre များ ပါဝင်ပါသည်။ ယခုစာချုပ်သည် အထက်ဖော်ပြပါ လုပ်ငန်းများနှင့်သာသက်ဆိုင်ပြီး မြန်မာ့မီးရထားရုံးချုပ်အား ပြန်လည်မွမ်းမံသည့်လုပ်ငန်းနှင့် မသက်ဆိုင်ပါ။ အဆိုပါပြင်ဆင်မှုလုပ်ငန်းအား သီးခြားဖက်စပ်စာချုပ် ချုပ်ဆိုဆောက်ရွက်သွားမည် ဖြစ်ပါသည်။ ယခင်မြန်မာ့မီးရထားရုံးချုပ်အဆောက်အဦပါဝင်သော စီမံကိန်းမြေနေရာတစ်ခုလုံးသည် (၁၀)ဧကခန့် ရှိပါသည်။

အစုရှယ်ယာရှင်စာချုပ် အကောင်အထည်ဖော်ရာတွင် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာရန်လိုအပ်ပြီး အဓိကစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ Landmark Development စီမံကိန်းကို ဆောင်ရွက်မည့် ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော Meeyahta Development Limited ("MDL") အနေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် ရရှိရန်လိုအပ်ပါသည်။

၂။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် အဆိုပါစာချုပ်ကို လက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၃။ Landmark Development စီမံကိန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်၊ ဘတ်ချက်၊ မြေငှားစာချုပ်များ၊ ရှယ်ယာထည့်ဝင်မှုဆိုင်ရာ သဘောတူညီချက်များ အပြီးသတ်သဘောတူရန် လိုအပ်ပါသည်။

အထက်ပါ စည်းကမ်းချက်များအားလုံး ပြီးမြောက်အောင်ဆောင်ရွက်ပြီးပါက အစုရှယ်ယာရှင်များအနေဖြင့် အောက်ဖော်ပြပါအတိုင်း MDL တွင် အစုရှယ်ယာထည့်ဝင်ရမည် ဖြစ်ပါသည်။

| ကုမ္ပဏီအမည် | အစုရှယ်ယာထည့်ဝင်မှု |
|---|---:|
| First Myanmar Investment Co., Ltd. | 12.0% |
| Yoma Strategic Investments Limited | 48.0% |
| Mitsubishi Corporation, Mitsubishi Estate Co., Ltd (collectively) | 30.0% |
| International Finance Corporation | 5.0% |
| Asian Development Bank | 5.0% |

စာချုပ်ပါ စည်းကမ်းချက်များအရ FMI ကုမ္ပဏီအနေဖြင့် Landmark Development နှင့် ပတ်သက်၍ MDL မှ လိုအပ်သည့် ဌာနဆိုင်ရာခွင့်ပြုချက်များကို လိုက်ပါကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဖွန်လ (၃၀)ရက် မတိုင်မီ ပထမဆုံးအကြိမ် အစုရှယ်ယာများထည့်ဝင်နိုင်ခြင်းမရှိပါက အဆိုပါစာချုပ် ပျက်ပြယ်မည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လုပ်ငန်းနှင့်သက်ဆိုင်သည့် တိုးတက်မှုအစီရင်ခံစာများအပါအဝင် Landmark Development နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား အလျဉ်းသင့်သည့်အချိန်တွင် အစုရှယ်ယာရှင်များအား ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**

YSX Code 00001

FMI Centre, 10th Floor

380 Bogyoke Aung San Road

Yangon, Myanmar

Tel: (01) 240363

www.fmi.com.mm